**CHIN NATIONAL FRONT**

**General Headquarters**

**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

## ချင်းအမျိုးသားတပ်ဦး၏
## (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့သည် ချင်းပြည်၌ တိုက်သူကြီးအုပ်ချုပ်ရေးစနစ်အစား ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးရန် ချင်းပြည်သူ ၅၀၀၀ ကျော် တက်ရောက်ခဲ့သည့် "ပထမအကြိမ် ချင်းအမျိုးသားညီလာခံ" က ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် တခဲနက် ထောက်ခံအတည်ပြုခဲ့ကြသည့် (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့ပင် ဖြစ်သည်။ ဤ နေ့ထူးနေ့မြတ်အချိန်အခါတွင် ချင်းပြည်သူတစ်ရပ်လုံး ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း၊ ချင်းအမျိုးသားနေ့အား အနှစ်သာရရှိရှိ ပါဝင်ဆင်နွဲနိုင် ကြပါစေကြောင်း ဆန္ဒပြုပါသည်။

ဤ အမျိုးသားနေ့အခါသမယတွင် ချင်းလူမျိုးတို့၏ အမျိုးသားအင်္ဂါရပ်လက္ခဏာဖြစ်သော ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာရေး၊ ပြန်လည်ရှင်သန်ရေးနှင့် တရားဝင်မှုရှိရေးအတွက် အသက်၊ သွေး၊ ချွေးပေါင်းများစွာရင်းပြီး ကြိုးပမ်းအားထုတ်ပေးဆပ်ခဲ့သည့် ချင်းအမျိုးသားခေါင်းဆောင်များ၊ ချင်းပြည်သူများအား ဦးညွှတ်ဂါရဝပြုပါသည်။

ချင်းအမျိုးသားနေ့၏ အနှစ်သာရမှာ ချင်းမျိုးနွယ်စုများအားလုံးသည် ချင်းလူမျိုးတစ်မျိုးတည်းဖြစ်ကြောင်း ထုတ်ဖော်ပြသခြင်း၊ အမျိုးသားဂုဏ်အင်လက္ခဏာကို ထိန်းသိမ်းခြင်း၊ အမျိုးသားရေးစိတ်ဓာတ်နိုးကြားခြင်း၊ အမျိုးသားသွေးစည်းညီညွတ်ခြင်းတို့ပင် ဖြစ်သည်။ အဆိုပါ အမျိုးသားရေးအနှစ်သာရများ ဆက်လက်ရှင်သန်ရေးအတွက်  နှစ်ပေါင်း (၇၀) ကျော်ကြာ ပြည်တွင်းစစ်ကို အဆုံးသတ်ပြီး အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှတဆင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်အမျိုးသားတန်းတူမှုရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်သွားကြရမည် ဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားရေးအကျိုးစီးပွားဖြစ်သည့် ချင်းလူမျိုးတို့ ရသင့်ရထိုက်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူရေး အခွင့်အရေးများကို ပြန်လည်ရရှိပြီး  ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ချင်းပြည်သူများနှင့်အတူ နှစ်ပေါင်း (၃၀) ကျော်ကြာ လက်နက်ကိုင်တော်လှန်နေခြင်း ဖြစ်သည်။

ချင်းပြည်သူလူထုအနေဖြင့် အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ထားလျက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြန်လည်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးနှင့် ဒီမိုကရေစီစနစ်ပြန်လည်ထွန်းကားရေးတို့အတွက် (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် အားသစ်လောင်း၍ ကြိုးပမ်းလုပ်ဆောင်သွားကြရန်နှင့် ချင်းအမျိုးသားတပ်ဦး၏ အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုလုပ်ငန်းစဉ်များတွင် မဆုတ်မနစ် ပါဝင်ပံ့ပိုးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်